# ခုံ သ မာ ဓိ ကောင် စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၅/၂၀၁၄)

| | |
|---|---|
| ဦးခင်မောင်လွင်(ယာဉ်မောင်း)၊<br>အမှတ်(၁၃၅၈)၊ ရွှေဟသာ်(၁)လမ်း၊<br>(၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးသန်းဆင့်(ပိုင်ရှင်)၊<br>အောင်ဖိုင်ဘာဂလပ်စက်ရုံ၊<br>အမှတ်(၁၉၁၂/၁၉၁၃)၊စက်မှုဇုန်ပတ်လမ်း၊<br>ဇုန်(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)။ | လျှောက်ထား ခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်

## ဆုံးဖြတ်ချက်

၁။ ဦးခင်မောင်လွင်(ယာဉ်မောင်း)နှင့် ဦးသန်းဆင့်(အလုပ်ရှင်) အောင်ဖိုင်ဘာဂလပ်စက်ရုံတို့ အကြားဖြစ်ပွားသော ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၄၁/၂၀၁၄)ဖြင့် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် ဦးခင်မောင်လွင်(ယာဉ်မောင်း)မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိ ကောင်စီသို့ လျှောက်ထားသည့် ခုံသမာဓိကောင်စီအမှုအမှတ်(၂၅/၂၀၁၄)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ဖြင့် အလုပ်သမား ရေးရာဆက်ဆံရေးဦးစီးဌာန၏ ၆-၈-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၉/၂၀၁၄)ဖြင့် ဖွဲ့စည်း ပေးခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါ တာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ တင်ပြချက်များ၊ လျှောက်လဲချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါအကြောင်းချက်များကိုရေး ဆွဲခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

| | |
|---|---|
| ကောက်ချက်အမှတ်(၁)။ | လျှောက်ထားသူအလုပ်သမား ဦးခင်မောင်လွင်(ယာဉ်မောင်း)မှရင်းအား အလုပ် ထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ရပ်စဲမှုနစ်နာကြေး တောင်းခံခြင်း။ |
| သုံးသပ်ချက်အမှတ်(၁)။ | အမှုကိုလေ့လာသုံးသပ်လိုက်သည့်အခါ အောက်ပါအချက်တို့ကို တွေ့ရှိသည်- |

ယာဉ်မောင်း ဦးခင်မောင်လွင်သည် အောင်ဖိုင်ဘာဂလပ်စက်ရုံတွင် ၁-၇-၂၀၁၃ နေ့မှစ၍ အလုပ်ဝင်ကြောင်းထွက်ဆိုသော်လည်းပိုင်ရှင်မှ ရင်းအလုပ်သမား အလုပ်ဝင်သည့်နေ့ရက်ကို မမှတ်မိကြောင်းထွက်ဆိုပါသည်။

ရင်းအားပေးသည့်လစာမှာ ၁၇၀၀၀၀ိ/-ကျပ်ဖြစ်ကြောင်းထွက်ဆိုသည်။

ယာဉ်မောင်း ဦးခင်မောင်လွင် မောင်းသည့်ကားသည် ၂၀-၆-၂၀၁၄ ရက်တွင် တာဝန်အရ တွံ့တေးမှအပြန် ညနေ(၄:၃၀)အချိန်တွင် ဂန္ဓမာလမ်းမီးပွိုင့်၌ မော်တော်ယာဉ် ရှေ့ဘီးပေါက်သွားကြောင်း၊ မီးပွိုင့်နှင့်မလွတ်သဖြင့် လွတ်သည့်နေရာသို့ ရွှေ့ပေးခဲ့ရကြောင်းထွက်ဆိုသည်။

၂၃-၆-၂၀၁၄ နေ့ နံနက်(၉:၃၀)အချိန်တွင် ရင်းအားတာဝန်ရှိသူမှ ခေါ်၍သွားရာ တာယာနှင့်ပတ်သက်၍ မေးပြီးရင်းမှာတာဝန်ရှိသည့်အတွက် ခံဝန်ဂတိလက်မှတ်ရေးထိုး၍ တာယာတစ်လုံးအစားပေးလျှော်ရန် ပြောသည့်အတွက်ရင်းမှ တာယာအလိုအလျှောက် ပေါက်သည့်အတွက် တာဝန်မရှိကြောင်းပြောရာ လက်မခံဘဲ တာဝန်မယူနိုင်လျှင် ကားမမောင်းနဲ့ဟုပိုင်ရှင်မှပြောသဖြင့်ရင်းကစားပွဲပေါ်သော့ထားပြီးပြန်ထွက်ခဲ့ကြောင်း ထွက်ဆိုပါသည်။

ပိုင်ရှင်မှ ယနေ့ထိအလုပ်မထုတ်ကြောင်းပြော၍ ရင်းအားအလုပ်ပြန်ဝင်ရန်ပင် စာထုတ်ထားသည်ကို သုံးသပ်စိစစ်တွေ့ရှိသည်။

အထက်တွင်ဖော်ပြထားသော စိစစ်သုံးသပ်တွေ့ရှိချက်များကို ခြုံငုံသုံးသပ်လိုက်ပါက -

(က) မော်တော်ယာဉ် ကားတာယာဘီးပေါက်ခြင်းမှာ ခရီးသွားခိုက်ဖြစ်လေ့ဖြစ်ထရှိသော ဓမ္မတာသဘောတရားပင်ဖြစ်ပေသည်။ ဤသို့ကြိုတင်မမျှော်မှန်းနိုင်သည့် ဖြစ်စဉ်ကြောင့် ဝန်ထမ်းများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ပြစ်ဒဏ်မျိုးမသက်မှတ်သင့်ကြောင်း သုံးသပ်သည်။

၁၂/၈/၂၀၁၄ ၁၂/၈/၂၀၁၄ ၁၂/၈/၂၀၁၄

(ခ) ပိုင်ရှင်မှ ဦးခင်မောင်လွင်အား အလုပ်ထုတ်ပစ်သည့် အထောက်အထားတစ်စုံတစ်ရာမတွေ့ရှိဘဲ အလုပ်ပြန်ဝင်ရန် အကြောင်းကြားစာ ထုတ်ထားကြောင်း စိစစ်သုံးသပ်တွေ့ရှိသည်။

၃။ ထို့ကြောင့် ဘျှန်ပိတ်တို့ခုံအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၄-၇-၂၀၁၄ ရက်နေ့က အငြင်းပွားမှုအမှတ်(၄၁/၂၀၁၄)ဖြင့် အမိန့်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ်(၁)ကို အောက်ပါအတိုင်းပြင်ဆင်ဆုံးဖြတ်လိုက်သည် -

ဆုံးဖြတ်ချက်အမှတ်(၁)။ (က) ယာဉ်မောင်း ဦးခင်မောင်လွင်၌ ခရီးသွားစဉ်ကားဘီးပေါက်သည့်ကိစ္စအတွက် ခံဝန်ဂတိရေးထိုး၍ ဘာယာအသစ်တစ်လုံးပေးလျော်ရန် တာဝန်မရှိကြောင်း ဆုံးဖြတ်သည်။

(ခ) အလုပ်ရှင်က ဦးခင်မောင်လွင်အားအလုပ်ထုတ်ပစ်ကြောင်းမပေါ်လွင်၍ ဤအမိန့်ထုတ်ပြန်သည့်နေ့မှ (၁၅)ရက်အတွင်းၚင်း၏မူလနေရာတွင် မူလလစာ၊ မူလရာထူးဖြင့် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်သည်။

(ဂ) ဦးခင်မောင်လွင်အား အလုပ်ထုတ်ပစ်ခြင်းမဟုတ်သဖြင့် အလုပ်မဆင်းသည့်ကြားကာလအတွက် လစာခံစားခွင့်မပြုကြောင်း ဆုံးဖြတ်သည်။

(ဃ) ဦးခင်မောင်လွင်သည်သတ်မှတ်ကာလအတွင်းမိမိ၏လုပ်ငန်းခွင်သို့ အချိန်မီအလုပ်ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ခြင်း မပြုပါက မိမိသဘောဖြင့်မိမိ၏စိတ်ဆန္ဒအလျောက်အလုပ်မှနုတ်ထွက်ခြင်းဖြစ်သည်ဟု ယူဆ၍ငွေကြေးအကျိုးခံစားခွင့် တစ်စုံတစ်ရာခံစားခွင့်ပြုမည်မဟုတ်ကြောင်း ဆုံးဖြတ်သည်။

၄။ ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| (ဦးမောင်မောင်ဝင်း) | (ဦးခင်မောင်ရီ) | (ဦးရဲနိုင်ဝင်း) |
| (အဖွဲ့ဝင်) | (ဥက္ကဋ္ဌ) | (အဖွဲ့ဝင်) |